# ချောင်းဆိုးကြာရှည်နေခြင်းကို
# တီဗီရောဂါလို့ သံသယထားကာ
# မြန်မြန်ဆေးခန်းသွားပြကြရအောင်

၁နှစ်တာမှာ (၂၀၂၄ခုနှစ်)
တီဘီဖြစ်ပွါးသူစာရင်း မှတ်ပုံတင်ထားသူဦးရေ

**၁၀,၀၅၁ယောက်**

သေဆုံးသူဦးရေ (ခန့်မှန်းပမာဏ)

**၁,၄၆၁ယောက်**

## ကာကွယ်ခြင်း

### အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါ

လေဝင်လေထွက်ကောင်းအောင်ပြုလုပ်ခြင်း၊ လက်ဆေးခြင်း ၊ လက်ချောင်းကို ပိုးသတ်ခြင်း စသဖြင့် အခြေခံကျသည့် ကူးစက်ရောဂါ ကာကွယ်ရေးနည်းလမ်းများက ပိုမိုထိရောက်ပါသည်။ ထိုအပြင် ကူးစက်ရောဂါကာကွယ်ဖို့အတွက် မက်စ် တပ်ခြင်းက ထိရောက်ပါသည်။

## စောစီးစွာရှာဖွေသိရှိခြင်း

### တီဘီရောဂါ

ချောင်းဆိုး၊ သလိပ်ကပ်ခြင်းကို၂ပါတ်ကျော်ကြာ တောက်လျှောက်ဖြစ်နေခြင်း၊ ကိုယ်နည်းနည်းပူတာနဲ့ ကို ယ်ခန္ဓာနုံးနယ်ခြင်း တောက်လျှောက်ဖြစ်ပွါးနေပါက အမြန်ဆုံး ကျန်းမာရေးဌာန (ဆေးရုံ ဆေးခန်း ) သို့ သွားရောက်ပြသကြပါစို့။

## လက်ဆေးခြင်း ၊ မက်စ်တပ်ခြင်း
## အလေ့အကျင့်ဖြင့်
## အသက်ရှူလမ်းကြောင်းဆိုင်ရာ
## ကူးစက်ရောဂါကို ကာကွယ်ကြစို့

တုပ်ကွေး | ကိုရိုနာ ကူးစက်ရောဂါ
ဘက်တီးရီးယားပိုး | စသဖြင့်

ORGANIZER
MHLW Ministry of Health, Labour and Welfare of Japan

SUPPORT
CAICM Cabinet Agency for Infectious Disease Crisis Management
MEXT MINISTRY OF EDUCATION, CULTURE, SPORTS, SCIENCE AND TECHNOLOGY-JAPAN

The Ministry of Health, Labour and Welfare's website about tuberculosis

# တီဘီရောဂါ ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါနှင့် ပတ်သတ်သည့် အမေးအဖြေ ၅ခု ။

**တီဘီရောဂါ**

## Q1 တီဘီရောဂါသည် ဘယ်လိုကူးစက်ပါသလဲ ?

တီဘီရောဂါ အခြေအနေပိုဆိုးလာပါက ချောင်းဆိုး၊ နှာချေစသည်တို့ကြောင့် လေထုထဲ တီဘီ ဘက်တီးရီးယားပိုး (TB)ပါသည့် အမှုန်အမွှားများက ပျံ့နှံ့သွားပါမည် ။ ထို တီဘီဘက်တီးရီးယားပိုး (TB)ကို ရှူရှိုက်မိမှုကြောင့် ပတ်ဝန်းကျင်က လူတွေဆီ ကူးစက်ပျံ့နှံ့သွားပါမည်( လေထုမှကူးစက်ခြင်း) ။
တီဘီရောဂါရဲ့ ရောဂါလက္ခဏာများမှာ(ချောင်းဆိုး၊ သလိပ်ထွက် ၊ ကိုယ်နည်းနည်းပူ၊ကိုယ်ခန္ဓာ နုံးနယ်ခြင်း စသဖြင့်) ထူးခြားတဲ့အသွင်အပြင်မရှိပဲ ဖြစ်ခါစမှာ တီဘီလက္ခဏာမပေါ်လွင်တာများလို့ အထူးသဖြင့် သက်ကြီးရွယ်အိုတွေမှာ သတိမထားမိချိန်မှာ တဖ်တဖ်လေးကူးစက်ခံနရေမှုမျိုး တွေ့ရှိရပါသည်။ချောင်းဆိုး ၊သလိပ်ကပ် ၂ပါတ်ကျော် ကဉ်ပြီးကိုယ်ပူနွေးခြင်း နုံးနယ်ခြင်းများ ဖြစ်ပွါးပါက အမြန်ဆုံး ကျန်းမာရေးဌာနသို့ သွားရောက်ပြသကြပါစို့။

## Q2 ပုံမှန်အားဖြင့် သတိထားသင့်သည့် အရာများ ?

ရင်ဘတ်ကို ဓါတ်မှန်ရိုက်စစ်ခြင်းအပါအဝင် ကျန်းမာရေးစစ်ဆေးခြင်း ခံယူမှုကို ပုံမှန်သတ်မှတ်ပြီးစစ်ဆေးရန် အလွန်လိုအပ်ပါသည်။ တီဘီရောဂါ စတင်ဖြစ်ပွါးလည်းပဲ အမြန်ရှာဖွေတွေ့ရှိပါက ရောဂါ အခြေအနေပြောင်းထန်မှုကို ကာကွယ်ပေးမှု တခုတည်းတင်မဟုတ်ပဲ မိသားစု၊ အသိမိတ်ဆွေများထံ ကျီးမြားသော ရောဂါကူးစက်ပျံ့နှံ့မှုကို ကာကွယ်ပေးနိုင်ပါသည်။

## Q3 တီဘီရောဂါသည် ကုသမယ်ဆိုရင် ပျောက်ကင်းပါသလား?

တီဘီရောဂါသည် ပုံမှန်အားဖြင့် ဆေး( တီဘီခုခံဆေးမျိုးစုံ)တို့ကို ဆရာဝန်ရဲ့ ညွှန်ကြားချက်အတိုင်း သောက်ခြင်းဖြင့် ကုသနိုင်ပါသည်။
ကုသရေးအတွက် သတ်မှတ်အချိန်ကာလသည် ၆လမှ၉လ ဖြစ်ပါသည်။ ကုသနေစဉ်အတွင်း ဆေး သောက်သုံးမှုကို ရပ်နားခြင်း၊ ညွှန်ကြားချက်အတိုင်း ဆေးကို မသောက်သုံးခြင်းများပြုပြါက တီဘီ ရောဂါ ဘက်တီးရီးယားပိုးသည် ဆေးအပေါ် ယဉ်ပါးသွား (ခံနိုင်ရည်ရှိသွား) ပါမည်။ ဆေးမတိုးသော တီဘီဘက်တီးရီးယားပိုး(TB) (ခံနိုင်ရည်ရှိသွားတဲ့ဘက်တီးရီးယားပိုး) ဖြစ်သွားနိုင်ခြေရှိပါသည်။ ဆရာဝန်ရဲ့ ညွှန်ကြားချက်ကို လိုက်နာပြီးသတ်မှတ်ထားသည့် ကာလအတွင်း အသေအချာ ဆေးကိုစဉ်ဆက်မပြတ် သောက်သုံးဖို့က အလွန်အရေးကြီးပါသည်။

**အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါ**

## Q4 အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါမှာ ဘယ်လိုပုံစံမျိုးရှိပါသလဲ?

ကိုရိုနာ ကူးစက်ရောဂါ၊ ရာသီအပြောင်းအလဲ တုပ်ကွေး၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ဗိုင်းရပ်စ် ရောဂါ(RSV) ၊ ဘက်တီးရီးရယားပိုး အဆုတ်ရောင်ရောဂါ စသဖြင့်ရှိပါသည်။ အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါ အများစုသည် ကူးစက်ခံရသည့်လူရဲ့ချောင်းဆိုး၊ နှာချေခြင်းမှတဆင့် ပျံ့နှံ့သွားသည့် လေထုထဲ မှရောဂါပိုးပါဝင်သည့် အမှုန်အမွှားများကို ရှူရှိုက်မိခြင်းဖြင့် ကူးစက်ပါသည်။

## Q5 အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါကို ဘယ်လိုကာကွယ်ကြရင် ကောင်းမလဲ?

အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါကာကွယ်မှုရဲ့ အခြေခံသည် ( လက်ဆေးခြင်း) ၊ (မက်စ်တပ်ခြင်းအပါအဝင် အကာအကွယ်ဖြင့်ချောင်းဆိုးခြင်း) ဖြစ်ပါတယ်။ အပြင်မှ ပြန်လာချိန် ၊ ချက်ပြုတ်ပြင်ဆင်ချိန်မတိုင်မီနှင့် ချက်ပြုတ်ပြီးချိန်၊ အစာမစားမီ တို့တွင် လက်ကို ခဏခဏ ဆေးကြပါစို့။
ထို့အပြင် ကူးစက်မှုမပြန့်ပွါးအောင် ချောင်းဆိုး၊ နှာချေသောအခါ မက်စ်၊ တစ်ရှူး၊ လက်ကိုင်ပုဝါ၊ လက်မောင်း အင်္ကျီစဖြင့် နှာခေါင်းနဲ့ပါးစပ်ကို ဖုံးကာပါ။
ထို့အပြင် ကိုရိုနာကူးစက်ရောဂါ၊ ရာသီအကူးအပြောင်း တုပ်ကွေး၊ နျူမိုကောကပ်စ်ကူးစက်ရောဂါ ကာကွယ်ဆေးသည် ရောဂါလက္ခဏာ ဆိုးရွားလွယ်သည့် သက်ကြီးရွယ်အိုနှင့် ဆေးရုံ/ဆေးခန်း အမြဲသွားနေ ပြန်ရေတဲ့ ရောဂါအခံရှိသူ (နာတာရှည်ရောဂါရှိသူ) များကို ပစ်မှတ်ထားပြီးပုံမှန်ကာကွယ်ဆေးကို ထိုးပေးနေပါသည်။ ပုံမှန်ကာကွယ်ဆေးထိုးခြင်းရဲ့ အသေးစိပ်ကို မိမိတို့နေထိုင်ရာ ဒေသ၊ မြို့နယ်၊ရပ်ကွက်မှာ စုံစမ်းမေးမြန်းပါ။

ORGANIZER
MHLW Ministry of Health, Labour and Welfare of Japan
SUPPORT
CAICM Cabinet Agency for Infectious Disease Crisis Management
MEXT MINISTRY OF EDUCATION, CULTURE, SPORTS, SCIENCE AND TECHNOLOGY-JAPAN

The Ministry of Health, Labour and Welfare's website about tuberculosis